**သတင်းထုတ်ပြန်ချက် - ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေအား တရားဝင်အတည်ပြုကြေငြာခြင်း**

**၂၇ ရက်၊ ဧပြီလ၊ ၂၀၂၆ ခုနှစ်**

ကော်သူးလေနယ်မြေ၊ မြိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါခလိုးမြစ်ဝှမ်းဒေသအတွင်းနေထိုင်ကြသည့် ကျွန်ုပ်တို့ဒေသခံဌာနေလူမျိုးစုတို့သည် ပြီးခဲ့သည့် ဧပြီလ ၂၂ မှ ၂၄ ရက်နေ့အထိပြုလုပ်သည့် သမိုင်းဝင်အခမ်းအနား၏ ပထမဆုံးနေ့ဖြစ်သော ဧပြီလ ၂၂ ရက်နေ့တွင် မိမိတို့ကိုယ်တိုင်စီမံခန့်ခွဲသွားမည့် **ပေါခလိုးဌာနေလူမျိုးစုတို့ ထိန်းသိမ်းနယ်မြေ**ကို ကမ္ဘာသို့ တရားဝင်စုပေါင်းကြေညာလိုက်ပါသည်။

ဤကြေငြာချက်သည် ကျွန်ုပ်တို့၏မွေးရာပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မိမိဘိုးဘွားမြေယာများနှင့် ရေအရင်းအမြစ်တို့အား ထိန်းသိမ်းစောင့်ရှောက်ရမည့် ကျွန်ုပ်တို့၏တာဝန်၊ ကျွန်ုပ်တို့အားလုံးက ကြိုးပမ်းဖော်ဆောင်နေသော ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ ရိုးရာယဉ်ကျေးမှုရှင်သန်ရေး၊ နှင့်သဘာဝပတ်ဝန်းကျင်တစ်ခုလုံးကျန်းမာရေး၊ စသည်တို့အား ခိုင်မာစွာပြသခြင်းပေဖြစ်သည်။ **ပေါခလိုး ဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**သည် သက်ရှိနယ်မြေတစ်ခုဖြစ်ပြီး ဒေသခံဌာနေလူမျိုးစုများမှ မျိုးဆက်အဆက်ဆက် စီမံအုပ်ချုပ်လာသည့် နယ်မြေဒေသဖြစ်သည်။

**ပေါခလိုး ဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**သည် မြစ်ချောင်း၊ သစ်တော၊ တောင်တန်း၊ စိုက်ပျိုးမြေယာ၊ နှင့် အထွတ်အမြတ်ထားရာနယ်မြေဒေသများကို လွှမ်းခြုံသည့် အကျယ်အဝန်း ၃၅၈,၄၉၃ ဧက (၁,၄၅၁ စတုရန်းကီလိုမီတာ) ရှိသော ဒေသတစ်ခုဖြစ်သည်။ ဤနယ်မြေတွင် ရွာ ၂၄ ရွာနှင့် လူဦးရေ ၁၁,၅၀၀ ကျော် နေထိုင်လျက်ရှိပြီး ဤသူတို့၏ လူနေမှုဘဝ၊ လူမျိုးလက္ခဏာနှင့် ယဉ်ကျေးမှုတို့သည် ဤနယ်မြေနှင့်ဆက်နွယ်လျက် ရှိပါသည်။

ထိရောက်ပြီး ပြည်သူပါဝင်မှုရှိသောဒီမိုကရေစီလုပ်ငန်းစဉ်မှတဆင့် ဒေသခံလူထု ၄,၆၂၂ ဦး (မဲပေးခွင့်ရှိသူအရွယ်ရောက်သူစုစုပေါင်း၏ ၈၈ %) တို့၏ သဘောတူလက်မှတ်ထိုးထောက်ခံမှုနှင့်အတူ ဤနယ်မြေ၏အခြေခံဥပဒေကို ကျွန်ုပ်တို့အတည်ပြုနိုင်ခဲ့ပြီး ဖြစ်သည်။ နှစ်အတန်ကြာလုပ်ဆောင်လာခဲ့သော ဆွေးနွေးညှိနှိုင်းမှု၊ အဖက်ဖက်ပါဝင်ဆုံးဖြတ်မှု၊ သက်ဆိုင်သူအားလုံးပါဝင်လုပ်ဆောင်သည့်သုတေသနနှင့်နယ်မြေသတ်မှတ်မှု၊ စသည်တို့အပေါ်အခြေခံသည့် **ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**၏ အခြေခံဥပဒေသည် ဌာနေကရင်လူမျိုးစုတို့၏ သဘာဝဆိုင်ရာ အသိပညာများအပေါ်အခြေခံသည့်အုပ်ချုပ်ရေးစနစ်ကို ချမှတ်ပေးသကဲ့သို့ ကျားမတန်းတူရေး၊ အနာဂတ်မျိုးဆက်များအတွက် လက်ရှိမျိုးဆက်မှလုပ်ဆောင်ရမည့်တာဝန်နှင့်ဝတ္တရား၊ မိမိနယ်မြေဒေသအရေးနှင့် စပ်လျှင်းပြီး လူမှုအသိုင်းအဝိုင်းကိုယ်တိုင်ပါဝင်ဆုံးဖြတ်ခွင့်၊ စသည်တို့ကို အာမခံသည်။

ဆယ်စုနှစ်များစွာ ကျွန်ုပ်တို့ရင်ဆိုင်လာရသည့် မြေယာသိမ်းပိုက်မှု၊ စစ်ရေးလှုပ်ရှားမှု၊ နှင့် ဒေသခံများ၏သဘောထားမပါဘဲ လုပ်ဆောင်သောဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထူးသဖြင့် ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်ရေးသဘောတူစာချုပ် လက်မှတ်ထိုးမှုအပြီး ဤနယ်မြေအတွင်း အလုံးအရင်းနှင့်ဝင်ရောက်လာသည့် ထိခိုက်ပျက်စီးမှုများစေသော စီမံကိန်းများ၊ စသည်တို့အား တုံ့ပြန်ခုခံဆန့်ကျင်သည့်အနေဖြင့် **ပေါခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**ကို ကျွန်ုပ်တို့ ကြေငြာခြင်းဖြစ်သည်။ လမ်းမစီမံကိန်း၊ မြေအောက်သယံဇာတတူးဖော်ရေး၊ နှင့်အခြားသောသဘာဝအရင်းအမြစ်ထုတ်ယူရောင်းချရေးတို့သည် ကျွန်ုပ်တို့၏ မြစ်ချောင်း၊ သစ်တော၊ အသက်မွေးဝမ်းကျောင်းစနစ်နှင့် အထွတ်အမြတ်ထားရာ နေရာဒေသများအပေါ် ကြီးမားစွာခြိမ်းခြောက်နေပါသည်။ ကျွန်ုပ်တို့၏ဘိုးဘွားမြေယာကို လက်လွှတ်ဆုံးရှုံးပေးရမည့်အစား (သို့မဟုတ်) ဖျက်ဆီးခံပေးရမည့်အစား မိမိတို့၏ ဓလေ့ထုံးတမ်းဥပဒေ၊ ဌာနေအသိပညာ၊ နှင့် ဓလေ့ထုံးတမ်းကျင့်ဝတ်များဖြင့် ဤနယ်မြေကို စီမံအုပ်ချုပ်ကာကွယ်သွားမည်။

ကျွန်ုပ်တို့သည် ၂၀၁၅ ခုနှစ် နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်သဘောတူညီချက်အပြီး တိုးပွားလာခဲ့သော လမ်းတည်ဆောက်ရေး၊ သတ္တုတူးဖော်ရေး စသည့်ဒေသခံများ၏သဘောထားမပါဘဲလုပ်ဆောင်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော မြေယာသိမ်းပိုက်မှုများ၊ စစ်ရေးလှုပ်ရှားမှုများနှင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုများကို တုံ့ပြန်လာကာ PIST ကို ကြေညာပါသည်။ ဘိုးဘွားအမွေဆိုင်ရာ မြေများကို ဆုံးရှုံးစေရန် သို့မဟုတ် ဖျက်ဆီးခံရစေရန် မသတ်မှတ်ဘဲ ကျွန်ုပ်တို့၏ ရိုးရာဥပဒေများ၊ ဒေသခံအသိပညာနှင့် မျှဝေထားသော တန်ဖိုးများအပေါ် အခြေခံကာ ကိုယ်တိုင် အုပ်ချုပ်စီမံရန် ရွေးချယ်ခဲ့ပါသည်။

**ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**သည် စာရွက်ပေါ် ရှိကြေငြာချက်တစ်ခုသာမဟုတ်ပါ။ သစ်တောနှင့်မြစ်ချောင်းများရှင်သန်ရေးအတွက် ကျွန်ုပ်တို့ ဒေသခံအသိုင်းအဝိုင်းကိုယ်တိုင်ကစီမံခန့်ခွဲနေသော ကျေးရွာပိုင်ဘုံသစ်တော ၁၁ ခုနှင့် ငါးထိန်းသိမ်းရေးဒေသ ၁၅ ခု၊ ထို့အပြင် ရိုးရာယုံကြည်မှုအရအထွက်အမြတ်ထားသောသစ်တော၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်ရောနှော စိုက်ပျိုးသောဥယျာဉ်ခြံမြေများ၊ စသည်တို့နှင့် ပြည့်စုံနေသည့် သက်ရှိနယ်မြေတစ်ခုဖြစ်သည်။ ဤလုပ်ဆောင်မှု များသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အလိုက်အထက် နေထိုင်ရှင်သန်နိုင်ရေး၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်တို့၏ ဘဝကောင်းစားရေးတို့အတွက် အရေးပါသည့် ကျွန်ုပ်တို့ဌာနေလူမျိုးစုတို့၏ တာဝန်ယူကြည့်ရှုစောင့်ရှောက်မှုကို ပြသပါသည်။

ကေအဲန်ယူ မြိတ်-ထားဝယ်ခရိုင် အတွင်းရေးမှူးဖြစ်သူ ပဒိုစောအယ်နာက

"သစ်တောနဲ့ကျွန်တော်တို့ဟာ ခွဲလို့မရဘူး။ တောရိုင်းတိရစ္ဆာန်တွေကိုလည်း ကျွန်တော်တို့ခွဲထားလို့မရဘူး။ သူတို့အစားအစာရှာဖို့နဲ့ မိတ်လိုက်တိုးပွားဖို့ တစ်နေရာကနေတစ်နေရာကို သွားလာနိုင်ရမယ်။ ကျွန်တော်တို့လူသားတွေလည်း စိတ်ဝမ်းကွဲလို့မဖြစ်ဘူး။ စည်းလုံးညီညွတ်စွာနဲ့ အတူရှင်သန်နေထိုင်ရမယ်။ သဘာဝပတ်ဝန်းကျင်နဲ့လည်း ကျွန်တော်တို့ခွဲလို့မရဘူး။ သစ်တော၊ သဘာဝပတ်တန်းကျင်တွေနဲ့ ကျွန်တော်တို့ယှဉ်တွဲနေထိုင်ရမယ်။ ဒါကြောင့် ကျွန်တော်တို့ ကေအဲန်ယူ မြိတ်-ထားဝယ်ခရိုင်အနေနဲ့ **ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**ကို ဝမ်းသာအားရ ကြိုဆိုထောက်ခံပါတယ်။ ဒီနယ်မြေကလည်း ကျွန်တော်တို့လက်ရှိအကောင်အထည်ဖော်လုပ်ဆောင်နေတဲ့ **ကစယ်ဒိုထိန်းသိမ်းနယ်မြေ** ရဲ့ အစီအစဉ်နဲ့အိမ်မက်ကို အားဖြည့်ပေးတဲ့အရာတစ်ခုဖြစ်ပါတယ်။"

နိဂုန်းချုပ်အားဖြင့် အနာဂတ်မျိုးဆက်တို့အတွက် ဘိုးဘွားများမှ မျိုးဆက်ပေါင်းများစွာ ကာကွယ်စောင့်ရှောက်လာပြီး ကျွန်ုပ်တို့လက်ထဲသို့ ယုံကြည်စွာလက်ဆင့်ကမ်းအပ်နှံခဲ့သည့် **ပေါ်ခလိုးဌာနေလူမျိုးစုတို့ထိန်းသိမ်းနယ်မြေ**အား သက်ရှိတို့နေထိုင်ရာ၊ သဘာဝနှင့်လူသားအကြား အပြန်အလှန်မှီခိုစောင့်ရှောက်ခြင်းများပြည့်စုံရာ၊ ကျွန်ုပ်တို့၏ဂုဏ်သိက္ခာကို ကိုယ်စားပြုရာ၊ မိမိနယ်မြေဒေသနှင့်သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းတာဝန်ယူစောင့်ရှောက်ခြင်းများရှိရာ၊ နယ်မြေတစ်ခုအဖြစ် ယနေ့မှစ၍ ကြေညာလိုက်ပါသည်။

ဆက်သွယ်ရန်

၁။ ပဒိုစောအယ်နာ၊ (Signal: +66840131493)

၂။ ဆရာစောဖေါလ်စိန်ထွား (Phone and Signal: +66817247093)

၃။ ပဒိုမန်းဘထွန်း (Phone and Signal: +66613450533)